# ရန္တာပုံ နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် ၊နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၃၅၇)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း ၁၀ ရက် ၊ ၂၉-၁၁-၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်မှုသည် ယခုအခါ ၂၆ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အဆိုပါ အခါသမယအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာ**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

**မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ချိန်တွင် မည်သည့်ပြင်ပနှောင့်ယှက် စွက်ဖက်မှုများရှိနေပါစေ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

ဘယ်လာရုစ် သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် သမ္မတအိမ်တော် သံတမန်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊

စာမျက်နှာ ၃ သို့★

၂၀၂၅ ခုနှစ် ၊ နိုဝင်ဘာ ၂၉ ရက် ၊ စနေနေ့ ။

မန္တလေး

# လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားပေးစက်ရုံ စီမံကိန်းများကို ကာလတို၊ ကာလလတ်၊ ကာလရှည်အစီအမံများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိသည်။

တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက်ဖွင့်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၌ ကျင်းပခဲ့သည်။

စက်ရုံဖွင့်ပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက အမှာစကားပြောကြားရာ၌ ကျောက်မီးသွေးလောင်စာ အသုံးပြု၍ ဓာတ်အားထုတ်လုပ်ခြင်းသည် နိုင်ငံတော်ဓာတ်အားစနစ်အတွက် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ပေးနိုင်သော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ကျောက်မီးသွေးအသုံးပြုပြီး ဓာတ်အားထုတ်လုပ်လျက်ရှိသည့် ပမာဏသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံဒေသတွင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက နည်းပါးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်မီးသွေး သယံဇာတများစွာရှိသည့်အနက် ဆပ်ဘစ်တူးမင်းနပ်စ် (Sub-bituminous)အမျိုးအစား ကျောက်မီးသွေးများအား အများဆုံးတွေ့ရှိရကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်နှင့်စွမ်းအင်လိုအပ်ချက်ကို ပြည့်မီစွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံများကို တိုးမြှင့်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြောက်ခံစက် အသုံးပြုခြင်းဖြင့် အပူစွမ်းအင်ထုတ်လုပ်မှု ပိုမိုမြှင့်တင်နိုင်ပြီး လျှပ်စစ်ထုတ်လုပ်မှုစွမ်းရည် (Effi-ciency)တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆင့်မြင့်နည်းပညာ (Advanced Technology) များအသုံးပြု၍ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေသည့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းကို လျော့နည်းစေသော လျှပ်စစ်ဓာတ်အားများစွာကို စီးပွားရေးတွက်ခြေကိုက်စွာ လက်တွေ့ကျကျ ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ယင်းသည် အရင်းအမြစ်မျိုးစုံမှ လျှပ်စစ်နှင့်စွမ်းအင်များ ထုတ်ယူသုံးစွဲရာတွင် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စီမံဆောင်ရွက်ရန်ဆိုသည့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းလည်း ဖြစ်ပါကြောင်း၊ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံအား ပထမအဆင့် အကြီးစားပြင်ဆင်ခြင်းများ ဆောင်ရွက်ကာ ဓာတ်အား ၉၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးလျက်ရှိပြီး ယခု ဒုတိယအဆင့် ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ပြီးစီးပြီဖြစ်၍ ၁၂၀ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်သောကြောင့်၊ ယခင်ထုတ်လုပ်မှုထက် ၃၀ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်ပေးနိုင်သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သည့် ကျောက်မီးသွေး အခြောက်ခံစက်တည်ဆောက်ခြင်းကြောင့် အသုံးပြုလျက်ရှိသော ဒေသထွက် ကျောက်မီးသွေး၏ စိုထိုင်းဆများပြားမှုကိုလျှော့ချကာ အပူစွမ်းအင်ကို တိုးမြှင့်နိုင်ခဲ့သဖြင့် ယခင်လျှပ်စစ်ဓာတ်အား ၉၀ မဂ္ဂါဝပ်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါ စက်တပ်ဆင်အင်အားပြည့် ၁၂၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်၍ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်အတွက် ၃၀ မဂ္ဂါဝပ် ထပ်မံဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

၂၉
ရက်

**သာ လိုတော့သည်။**

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၅၁ / ၂၀၂၅)
၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်)

### ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်စာရင်းကို ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် လည်းကောင်း၊ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်စာရင်းကို ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်(မြို့နယ်) ၅၆ မြို့နယ်စာရင်းကို ၁၄ - ၉ - ၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **(၂၈ - ၁၀ - ၂၀၂၅ ရက်နေ့ နံနက် ၀၆:၀၀ နာရီ မှ ၂၆ - ၁၂ - ၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီအထိ)**ခွင့်ပြုကြောင်း ၁၅ - ၁၀ - ၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၃၄/၂၀၂၅) ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းအောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် ၅၆ မြို့နယ်မှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွေးကောက်ပွဲကျင်းပမည့် မြို့နယ်များအားလုံးတွင် **၂၆ - ၁၂ - ၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီ အချိန်မှ ၂၈ - ၁၂ - ၂၀၂၅ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားထားရမည်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း(၁) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၂၆-၁၂-၂၀၂၅ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၃။ ရွေးကောက်ပွဲအပိုင်း(၂)တွင်ပါဝင်သည့် မြို့နယ်များအတွက် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းကို ၂၉ - ၁၂ - ၂၀၂၅ ရက်နေ့မှစ၍ ဆက်လက် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး **၉ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီ အချိန်မှ ၁၁ - ၁ - ၂၀၂၆ ရက်နေ့ အပိုင်း(၂) ရွေးကောက်ပွဲကျင်းပပြီးသည်အထိ** ရပ်နားထားရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း(၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို ၉ - ၁ - ၂၀၂၆ ရက်နေ့ ည ၁၂:၀၀ နာရီအချိန် နောက်ဆုံးထား၍ ဖြုတ်သိမ်းရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲအပိုင်း(၃)အတွက် သတ်မှတ်ရက်များအား ဆက်လက်ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၄။ မဲဆွယ်စည်းရုံးခွင့်သတ်မှတ်ကာလအတွင်း လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း၊ ကြော်ငြာဆိုင်းဘုတ်များ၊ ဗီနိုင်းပိုစတာများစိုက်ထူချိတ်ဆွဲခြင်း၊ စုဝေးဟောပြောခွင့်နှင့် မီဒီယာများမှ မဲဆွယ်စည်းရုံးခွင့်တို့ကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၀-က နှင့် နည်းဥပဒေအခန်း (၁၀)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပြီး ရွေးကောက်ပွဲအပိုင်း(၁)နှင့် (၂) မြို့နယ်များအတွက် မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို အပိုင်းလိုက် မဲဆွယ်စည်းရုံးခွင့်ပြုထားသည့် နောက်ဆုံးရက်များတွင် ဖြုတ်သိမ်းပေးရမည်ဖြစ်ပါသည်။

၅။ သတ်မှတ်အချိန်ထိ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများ ဖြုတ်သိမ်းထားခြင်းမရှိပါက မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ပါသည်။ ယင်းသို့ ကြော်ငြာ၊ ပိုစတာဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာနိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မိမိတို့ နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေး နှစ်မျိုးလုံးရှိသော နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်

★ ရှေ့ဖုံးမှ

ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့်အတူ ဘယ်လာရုစ် နိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲ ကျင်းပစဉ်။

## နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသွားမည်

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် အဆွေတော်နှင့် ကိုယ်စားလှယ် အဖွဲ့များအား မြန်မာနိုင်ငံမှ လှိုက်လှဲစွာဖြင့် ကြိုဆိုပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးမှာ ၂၆ နှစ်တာကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီးအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်သည် ဘယ်လာရုစ်သမ္မတနိုင်ငံမှ နိုင်ငံတော်အကြီးအကဲလာရောက်သည့် ပထမဆုံး သမိုင်းဝင် ခရီးစဉ်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံအတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဇွန်လအတွင်း စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် လာရောက်သည့် ခရီးစဉ်များအတွင်း အဆွေတော်နှင့် ဘယ်လာရုစ်နိုင်ငံက နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့သည့် ဧည့်ဝတ်ကျေပွန်မှုများကိုလည်း ပြန်လည်အမှတ်ရမိပါကြောင်းနှင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မတ်လအတွင်း လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ ယခုအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေး ဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေး နှစ်မျိုးလုံးရှိသော နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေကောင်းနိုင်ငံများ ဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်မှုသည် ယခုအခါ ၂၆ နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အဆိုပါအခါသမယအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့မြင်ရမည် ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင်လည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် မိမိအနေဖြင့် သန္နိဋ္ဌာန်ချထားပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင် လည်းကောင်း အကူအညီများ တစိုက်မတ်မတ်ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

## နှစ်နိုင်ငံအကြား သမိုင်းအသစ်များ စိုက်ထူ

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိနှင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နွေးထွေးစွာဖြင့် ကြိုဆိုသည့်အတွက်လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသို့ပထမဆုံးလာရောက်သည့် ခရီးစဉ်ဖြစ်သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူမိသည်ကို ပြောကြားလိုကြောင်း၊ အဆွေတော်အနေဖြင့် မတ်လအတွင်း ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်လာရောက်ခဲ့မှုသည်လည်း မြန်မာနိုင်ငံမှ နိုင်ငံတော် အကြီးအကဲတစ်ဦး၏ ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း၊ ယခုနှစ်အတွင်း မိမိတို့နှစ်ဦးအနေဖြင့် ခြောက်ကြိမ်တွေ့ဆုံခဲ့ပြီး ဖြစ်ကြောင်း၊ ထို့ကြောင့် ၂၀၂၅ ခုနှစ်သည် နှစ်နိုင်ငံအတွက် အမှတ်တရများ များစွာရှိပြီး နှစ်နိုင်ငံအကြား သမိုင်းအသစ်များ စိုက်ထူနိုင်သည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများကို အောင်အောင်မြင်မြင် လုပ်ဆောင်လျက် ရှိကြောင်း၊ မင့်စ်မြို့တွင်ကျင်းပခဲ့သည့် EAEU အစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်၍ တက်ရောက်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း မိမိတို့အနေဖြင့် နိုင်ငံတကာအခမ်းအနားများ၊ နိုင်ငံတကာ အစည်းအဝေးများတွင် တွေ့ဆုံဆွေးနွေးမှုများ များစွာ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံချိန်တွင် အပြန်အလှန်ကူညီရေးဆိုင်ရာများကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး အမြဲတံခါးဖွင့်ထားပါကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ချိန်တွင် မည်သည့် ပြင်ပနှောင့်ယှက် စွက်ဖက်မှုများ ရှိနေပါစေ တစိုက်မတ်မတ်ဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံမှ တာဝန်ရှိသည့်ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ တာဝန်ရှိသည့် ဝန်ကြီးများ ပူးပေါင်း၍ စီးပွားရေးဖိုရမ်များ ကျင်းပခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အောင်မြင်စေရေးနှင့် ရလဒ်ကောင်းများ ရရှိစေရေးဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ယနေ့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈) ကို လက်မှတ်ရေးထိုးသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ လမ်းပြမြေပုံ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်သည့်အချက်များစွာ ပါဝင်ကြောင်း၊ အဆိုပါ လမ်းပြမြေပုံအတိုင်း ဆောင်ရွက်သွားမည်ဆိုပါက နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံစက်မှုလုပ်ငန်းများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ယနေ့ တွေ့ဆုံဆွေးနွေးမှုမှ ရရှိလာသည့် အကြောင်းအရာများအားလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ★



ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် အမှတ်တရစကားပြောကြားစဉ်။

★ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိ

★ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နှစ်နိုင်ငံချင်းသော်လည်းကောင်း၊ နိုင်ငံတကာမျက်နှာစာတွင်လည်းကောင်း အကူအညီများ တစိုက်မတ်မတ်ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိ



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။

★ စာမျက်နှာ ၃ မှ

ယင်းနောက် မြန်မာနိုင်ငံတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်က ဘယ်လာရုစ် သမ္မတနိုင်ငံမှ ငလျင်ဘေးဒဏ်သင့် ဒေသများတွင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆောင်ရွက်ပေးခဲ့မှုအပေါ် မြန်မာနိုင်ငံအနေဖြင့် ကျေးဇူးတင်ရှိမှု၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အစားအစာ၊ ကျန်းမာရေး၊ ဆေးဝါး၊ ပညာရေးနှင့် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်ယုံကြည်မှုများ တိုးမြင့်လာသည့် အခြေအနေများ၊ သံတမန်ဆက်ဆံမှုအား မြှင့်တင်နိုင်ရေးအတွက် မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးအား သံရုံးအဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသွားမည့်အခြေအနေများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးမွေးမြူရေး၊ အားကစား၊ ပညာရေး၊ သိပ္ပံနှင့် နည်းပညာ၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ စွမ်းအင်၊ စက်မှု၊ ခရီးသွားလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးစသည့် ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် မကြာမီကာလအတွင်း လွတ်လပ်၍ ပွင့်လင်းမြင်သာသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သွားမည်ဖြစ်သည့် အခြေအနေများနှင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများ အပါအဝင် ပြည်တွင်း၊ ပြည်ပ စောင့်ကြည့် လေ့လာသူများကို ဖိတ်ခေါ်ထားရှိပြီးဖြစ်သည့် အခြေအနေများနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ စေလွှတ်ပေးသွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ အွန်လိုင်းလိမ်လည် လောင်းကစားမှုများကိုလည်း အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ အင်တိုက်အားတိုက် တိုက်ဖျက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ ဖျော်ဖြေရေးအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် ပြီးခဲ့သည့် ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီးဌာနအနေဖြင့် ၎င်းတို့နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၄၀၀၀ ခန့်အား TPS – Temporary Protected Status ပေးထားမှုမှ ရုပ်သိမ်း၍ ရက်ပေါင်း ၆၀ အတွင်း ပြန်လည်စေလွှတ်သွားမည်ဟု ထုတ်ပြန်ထားကြောင်း၊ နိုင်ငံရေးသဘောထားကွဲလွဲမှုများနှင့် အခြားအကြောင်း အမျိုးမျိုးကြောင့် အမေရိကန်နိုင်ငံ အပါအဝင် အခြားနိုင်ငံများသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများရှိကြောင်း၊ ၎င်းတို့ အမိမြန်မာနိုင်ငံသို့ပြန်လာမည်ဆိုပါက မိမိတို့အနေဖြင့် ကြိုဆိုသည်ကို ပြောကြားလိုပါကြောင်း၊ ၎င်းတို့အနေဖြင့်ဆန္ဒရှိမည်၊ ရွေးကောက်ပွဲကာလနှင့် အကျုံးဝင်မည်၊ မဲစာရင်းတွင် ပါဝင်မည်ဆိုပါက ရွေးကောက်ပွဲတွင် ဆန္ဒမဲလာရောက်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ကို မိမိအနေဖြင့် အဆွေတော်အား အသိပေးပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် ဘယ်လာရုစ် နိုင်ငံအနေဖြင့် ထောက်ခံအားပေး ကူညီမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ရွေးကောက်ပွဲ ကျင်းပပြုလုပ်ပြီးချိန်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက် သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။ စာမျက်နှာ ၅ သို့ ★





နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ ဂုဏ်ပြုဖျော်ဖြေပွဲကို ကြည့်ရှုအားပေးကြစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko တို့၏ မီဒီယာများအား အပြန်အလှန်ပြောကြားသည့် နှစ်နိုင်ငံပူးတွဲကြေညာချက်

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ကျင်းပသည့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအပြီးတွင် နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားခဲ့ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko တို့ နှစ်နိုင်ငံပူးတွဲကြေညာချက်ကို ရှင်းလင်းပြောကြားစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနဲ့ နှစ်ဖက်ကကိုယ်စားလှယ်များ၊မီဒီယာများအားလုံးပဲ မင်္ဂလာပါ။ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ အရေးပါတဲ့ မိတ်ဆွေရင်း၊ မိတ်ဆွေစစ် နိုင်ငံတွေဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ယုံကြည်စိတ်ချရဆုံးသောနိုင်ငံဖြစ်သလို မြန်မာနိုင်ငံဟာလည်း ဘယ်လာရုစ်ရဲ့ ယုံကြည်စိတ်ချရဆုံး နိုင်ငံဖြစ်စေရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြားမှာ ၁၉၉၉ ခုနှစ်မှာ စတင်ထူထောင်ခဲ့တဲ့ သံတမန်ဆက်ဆံရေးဟာ ယခုနှစ်မှာ (၂၆) နှစ်ပြည့်ခဲ့ပြီးဖြစ်ပါတယ်။ ဒီ (၂၆) နှစ်တာကာလအတွင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်ရေးဟာ ပိုမိုခိုင်မာ နက်ရှိုင်းလာခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီးရဲ့ မြန်မာနိုင်ငံခရီးစဉ်ဟာ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေး ထူထောင်ပြီးတဲ့နောက် ဘယ်လာရုစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲ မြန်မာနိုင်ငံကို ပထမဦးဆုံးအကြိမ်လာရောက်တဲ့ ခရီးစဉ်ဖြစ်တဲ့အတွက် နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ မှတ်တမ်းတင်နိုင်တဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အခုအချိန်မှာ နှစ်နိုင်ငံအကြားမှာ ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်ကို ရောက်ရှိနေပြီဆိုတာပြောနိုင်ပါတယ်။ ဒီလိုအမြင့်ဆုံးရောက်ရှိနေတဲ့ နှစ်နိုင်ငံချစ်ကြည်ရေး မှတ်ကျောက်တင်တဲ့အနေနဲ့ သမ္မတကြီးရဲ့ ခရီးစဉ်အတွင်းမှာပဲ နှစ်နိုင်ငံချစ်ကြည်ရေးသစ်ပင်ကို နေပြည်တော် ပရဆေးဥယျာဉ်မှာ ကုံကော်ပင် အမှတ်တရစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နှစ်ယောက်တွေ့ဆုံပြီးတဲ့နောက်မှာ အရင်တွေ့ဆုံဆွေးနွေးချက်များနဲ့ သဘောတူညီချက်များ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်ဖို့၊ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဖို့ ကဏ္ဍများစွာ၊ အထူးသဖြင့် ကာကွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ အားကစားနဲ့ ခရီးသွားကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်သွားမယ့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံအကြားမှာ သံတမန်ဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေဖို့နဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ ယဉ်ကျေးမှုစတဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်မယ့် အားတွေကောင်းလာစေဖို့အတွက် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကိုလည်း သံရုံးအဆင့်သို့ တိုးမြှင့်သွားဖို့နဲ့ ဘယ်လာရုစ်နိုင်ငံရဲ့ ကိုယ်စားလှယ်ရုံးကိုလည်း မြန်မာနိုင်ငံမှာ ဖွင့်လှစ်သွားဖို့လည်း သဘောတူညီခဲ့ပြီဖြစ်ပါတယ်။ မနေ့က ရန်ကုန်မြို့မှာ နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်တွေအကြားမှာ တတိယအကြိမ် စီးပွားရေးဆိုင်ရာဖိုရမ်ကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့ပြီး ရလဒ်ကောင်းတွေရရှိခဲ့တာကိုလည်းများစွာဝမ်းမြောက် ကျေနပ်မိပါတယ်။

သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များခင်ဗျာ

မြန်မာနိုင်ငံဟာ ကမ္ဘာ့လူဦးရေ အများဆုံးနိုင်ငံကြီး နှစ်နိုင်ငံအကြားမှာတည်ရှိတဲ့ နိုင်ငံဖြစ်တဲ့အတွက် ပတ်ဝန်းကျင်မှာ ကြီးမားတဲ့ဈေးကွက်ကြီးရှိတဲ့အပြင် သယံဇာတပေါကြွယ်ဝတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ မြေနေရာများစွာရှိပြီး မိုင်ပေါင်း ၁၃၀၀ ကျော်ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းလည်းရှိပါတယ်။ ရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေကို မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့လည်း ကျွန်တော်ဖိတ်ခေါ်ပါတယ်။

သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များနဲ့ မီဒီယာအဖွဲ့ဝင်များခင်ဗျာ

ဘယ်လာရုစ်နိုင်ငံအနေနဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာမျက်နှာစာတွေပေါ်မှာ မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ ရပ်တည်ထောက်ခံပေးခဲ့တဲ့အတွက် အထူးကျေးဇူးတင်ရှိကြောင်း အလေးအနက် ပြောကြားလိုပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံက နိုင်ငံ့အခြေအနေနဲ့ ကိုက်ညီတဲ့ နိုင်ငံရေးလမ်းကြောင်းနဲ့အညီ လျှောက်လှမ်းနေတဲ့အပေါ် ဘယ်လာရုစ်နိုင်ငံက အစဉ်တစိုက်ရပ်တည်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။ လာမယ့် ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ ကျင်းပမယ့် မြန်မာနိုင်ငံရဲ့ အထွေထွေရွေးကောက်ပွဲနဲ့ စပ်လျဉ်းပြီး လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်နေတဲ့အပြင် ပြီးခဲ့တဲ့ ၂၅ ရက်နေ့က အမေရိကန်နိုင်ငံ အမိမြေလုံခြုံရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့တဲ့ ယာယီခိုလှုံခွင့် ရုပ်သိမ်းတဲ့ မြန်မာနိုင်ငံသား ၄၀၀၀ ခန့်ကိုလည်း လက်ခံဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သူတို့ မဲစာရင်းမှာ ပါလို့ရှိရင်လည်း မဲပေးခွင့်ရှိအောင် ဆောင်ရွက်ပေးပါမယ်။ အလားတူစွာပဲ အခြားအကြောင်းအမျိုးမျိုးနဲ့ ပြည်ပကိုရောက်ရှိနေကြတဲ့ မြန်မာနိုင်ငံသားများကိုလည်း ဒီမိုကရေစီရေးမှာ ငြိမ်းချမ်းစွာ လက်တွဲဆောင်ရွက်နိုင်ဖို့ မြန်မာနိုင်ငံကို ပြန်လာဖို့ ကြိုဆိုကြောင်းလည်းပြောလိုပါတယ်။ ဘယ်လာရုစ်နိုင်ငံမှ စောင့်ကြည့်သူ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သွားမှာဖြစ်တဲ့အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းလည်း ပြောလိုပါတယ်။ နောင်အနာဂတ်မှာလည်း ကျွန်တော်တို့ နှစ်နိုင်ငံအကြားမှာ နိုင်ငံတကာ မျက်နှာစာမှာ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထပ်လောင်းပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတွေကနေတစ်ဆင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်စေဖို့အတွက် အဆွေတော်သမ္မတကြီးနဲ့ ဘယ်လာရုစ်နိုင်ငံပြည်သူများနဲ့ အတူ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း ထပ်လောင်းဆန္ဒပြုပါတယ်။ ကျေးဇူးတင်ပါတယ်သမ္မတကြီးဟု ပြောကြားသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr. Aleksandr Lukashenko က လေးစားရပါသော အဆွေတော်သမ္မတကြီးနဲ့တကွ မြန်မာနိုင်ငံက သူငယ်ချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ အားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်အပါအဝင် ကျွန်တော်ရဲ့ ဒီခရီးစဉ်အဖွဲ့ဝင်အားလုံးကို နွေးနွေးထွေးထွေးနဲ့ကြိုဆိုပေးတဲ့အတွက် ကျွန်တော်ရဲ့ Delegation ကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆွေတော်သမ္မတကြီးနဲ့တကွ မြန်မာနိုင်ငံကရှိတဲ့ ရင်းနှီးရတဲ့

စာမျက်နှာ ၆ သို့ *

★ စာမျက်နှာ ၄ မှ

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပပြုလုပ်ရာ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှု စာချွန်လွှာများ၊ အကောက်အခွန်ဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမှုဘောင် သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ၊ တရားမဝင်နှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများအား နှစ်နိုင်ငံပြည်ထောင်စုဝန်ကြီးများနှင့်မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံ သံအမတ်ကြီးတို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတတို့ ရှေ့မှောက်တွင် လက်မှတ်များရေးထိုးကြပြီး စာချွန်လွှာများကို အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတတို့က မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန် ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားဂုဏ်ပြုနေ့လယ်စာဖြင့်တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ စားပွဲပြုလုပ်မည့်နေရာသို့ ရောက်ရှိနေရာယူပြီးချိန်တွင် နိုင်ငံတော်ဂုဏ်ပြုစစ်တီးဝိုင်း တပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက မြန်မာတေးသံသာများ၊ ဘယ်လာရုစ်နိုင်ငံတေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် အဖွဲ့ဝင်များသည် သမ္မတအိမ်တော် သဘင်ဆောင်ခန်းမ၌ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဂုဏ်ပြု ဖျော်ဖြေပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များက နှစ်နိုင်ငံတေးသီချင်းများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာများကို ဖော်ကျူးထားသည့် တေးသရုပ်ဖော်များ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဂုဏ်ပြု ဖျော်ဖြေပွဲအပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌတို့သည် ဖျော်ဖြေရေးအဖွဲ့ဝင်များအားဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ပြီး အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ နှစ်နိုင်ငံအထိမ်းအမှတ်သစ်ပင် အတူတကွစိုက်ပျိုး

နေပြည်တော် နိုဝင်ဘာ ၂၈



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံ သံတမန်ချစ်ကြည်ရင်းနှီးမှု အစွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ နှစ်နိုင်ငံအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းဘေးရှိ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်၌ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တက်ရောက်၍ ကံ့ကော်ပင်ကို အတူတကွစိုက်ပျိုးပေးကြသည်။

အဆိုပါ အခမ်းအနားသို့ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌတို့နှင့်အတူ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးထွန်းအုံ၊ ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌတို့သည် နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ရှိ သတ်မှတ်နေရာ၌ နှစ်နိုင်ငံအထိမ်းအမှတ် ကံ့ကော်ပင်အား အတူတကွစိုက်ပျိုးပေးကြကာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ကမ္ပည်းကြေးပြားအား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနှင့် အဖွဲ့ဝင်များသည် ဘယ်လာရုစ်-မြန်မာအထိမ်းအမှတ် ကံ့ကော်ပင်ရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အမျိုးသားပရဆေးဥယျာဉ်အတွင်းရှိ အာဆီယံနှင့် BIMSTEC ဘင်းစတက်အဖွဲ့ဝင် နိုင်ငံ့အကြီးအကဲများ စိုက်ပျိုးခဲ့သည့် အထိမ်းအမှတ်သစ်ပင်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

✻ စာမျက်နှာ ၅ မှ

မိတ်ဆွေများအားလုံးကို ဖိတ်ခေါ်ပါကြောင်းနဲ့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ တံခါးအမြဲတမ်းဖွင့်ထားကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ အဆွေတော်သမ္မတကြီး ပြောသွားသလိုပဲ ကျွန်တော်တို့တွေ့ဆုံမှုမှာ နှစ်နိုင်ငံအတွက် အရေးကြီးတဲ့ ဒီဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ ဆေးဝါးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ပူးပေါင်းမှုဆိုင်ရာကိစ္စရပ်များ အစရှိတဲ့ အရေးကြီးတဲ့ အခန်းကဏ္ဍတွေကို ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်လို့ မည်သည့်ပုဂ္ဂိုလ်မဆို ကြားဝင်နှောင့်ယှက်မှုရှိခဲ့သော်လည်း ကျွန်တော်တို့အနေနဲ့ ဒီဟာတွေကို ဂရုမပြုဘဲနဲ့ ရှေ့လျှောက်ပြီးတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါကဘာလို့ဒီလိုပြောရလည်းဆိုတော့ ဒီပူးပေါင်းဆောင်ရွက်မှုတွေဟာ ဘယ်လာရုစ်သမ္မတနိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာ အထူးသဖြင့် ဘယ်လာရုစ်နိုင်ငံ ပြည်သူပြည်သားတွေနဲ့ မြန်မာနိုင်ငံ ပြည်သူပြည်သားတွေအကျိုးကို ရှေးရှုပြီးတော့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ဒီဆောင်ရွက်မှုတွေအားလုံးကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့်တကွ တက်ရောက်လာသော ဝန်ကြီးများအားလုံး ခင်ဗျာ

ကျွန်တော်တို့ဒီနေ့တွေ့ဆုံဆွေးနွေးမှုမှာဆွေးနွေးခဲ့တဲ့ အချက်အလက်တွေအားလုံးဟာ ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အဆင့်မြင့်ဆုံးဆွေးနွေးမှုများလို့ ကျွန်တော်တို့ သတ်မှတ်လို့ရပါတယ်။ ဒီဆွေးနွေးမှုတွေအားလုံးဟာ ဒီနေ့တွေ့ဆုံမှုတစ်ခုတည်းရဲ့ ရလဒ်မျိုးမဟုတ်ဘဲနဲ့ ယခင်ကတည်းက Business Forum တွေမှာ နှစ်နိုင်ငံတာဝန်ရှိတဲ့ ဝန်ကြီးများ၊ နှစ်နိုင်ငံမှ စက်မှုဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီးတော့ ကုမ္ပဏီပိုင်ဆိုင်ရာမှ တာဝန်ရှိတဲ့သူများ အချင်းချင်းဆွေးနွေးထားခဲ့တဲ့ ဆွေးနွေးမှုများကို ထပ်လောင်းဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီနေ့တွေ့ဆုံမှုကနေ ဆွေးနွေးမှုတွေနဲ့ ပတ်သက်ပြီး ရရှိလာတဲ့ ရလဒ်များအရဆိုရင်တော့ မြန်မာနိုင်ငံအတွက် လိုအပ်ချက်ရှိနေတဲ့ လိုအပ်ချက်များအားလုံးကို ကျွန်တော်တို့ ဘယ်လာရုစ်ဘက်ကလည်း ဖြည့်ဆည်းပေးနိုင်သလို ဘယ်လာရုစ်ဘက်က လိုအပ်ချက်ရှိနေတဲ့ အခန်းကဏ္ဍများ၊ ပစ္စည်းများကို မြန်မာနိုင်ငံကနေပြီးတော့ ဖြည့်ဆည်းပေးနိုင်တယ်ဆိုတာကို ကျွန်တော်တို့ ရရှိပါတယ်။ ဒါကြောင့်မို့လို့ နှစ်ဦးနှစ်ဖက် ကုန်သွယ်စီးပွားရေးတိုးမြှင့်ဖို့အတွက် ကျွန်တော်တို့ဆက်လက်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံပြီးပြောကြားလိုတာကတော့ ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာ တားမြစ်ထားတဲ့ လျှို့ဝှက်ထားတဲ့ အကြောင်းအရာ အချက်အလက် ဘာမှမရှိပါဘူး။ ပွင့်ပွင့်လင်းလင်းပဲ ကျွန်တော်တို့ ဆွေးနွေးနိုင်ပါတယ်။

### လေးစားရပါသော အဆွေတော် သမ္မတကြီးနှင့် ဝန်ကြီးများ ခင်ဗျာ

ကျွန်တော်တို့အနေနဲ့ ဘယ်လာရုစ်နိုင်ငံမှ ပစ္စည်းများကို ရောင်းချခြင်းတင်မဟုတ်ဘဲနဲ့ ဘယ်လာရုစ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းပြီးတော့ စက်ရုံများတည်ထောင်ခြင်း၊ လုပ်ငန်းကိစ္စများ ကုမ္ပဏီများ ပူးပေါင်းတည်ထောင်ခြင်းကိုလည်း လုပ်ဖို့အတွက် ဆန္ဒရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံက လိုအပ်ချက်ရှိတဲ့ လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်ပြီးတော့ မြန်မာနိုင်ငံမှာ ပူးတွဲကုမ္ပဏီတွေ တည်ထောင်ချင်ပါတယ်။ ဒီလိုမျိုး တည်ထောင်ခြင်းအားဖြင့် ကျွန်တော်တို့ နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်များစွာရရှိမှာ ဖြစ်ပြီးတော့ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းတွေအားလုံးကိုလည်း အောင်မြင်အောင်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ တွေ့ဆုံမှုတွေမှာ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာများအရ သတ်မှတ်ထားတဲ့ကာလတွေ၊ ပမာဏတွေရှိပါတယ်။ ဒီကာလတွေ၊ ပမာဏတွေ အတွင်းမှာ နှစ်ဦးနှစ်ဖက် ကုန်သွယ်မှုစီးပွားရေးလုပ်ငန်းများ၊ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းတွေကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### လေးစားရပါသော အဆွေတော်သမ္မတကြီးခင်ဗျာ

ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် မကြာမီအတောအတွင်း အတိအကျပြောမယ် ဆိုရင် နောက်လာမယ့် တစ်လအတွင်းမှာ မြန်မာနိုင်ငံမှာ သမိုင်းဝင်ရွေးကောက်ပွဲ ကျင်းပတော့မယ်လို့ သိရှိရပါတယ်။ ဒီရွေးကောက်ပွဲကတော့ မြန်မာနိုင်ငံအတွက် အရေးပါတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲပြီးတဲ့အချိန်မှာ အထူးသဖြင့်တော့ ပါလီမန်တည်ထောင်ဖို့အတွက် ဒီရွေးကောက်ပွဲကို လုပ်ဆောင်တယ်လို့ သိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ အဆွေတော်သမ္မတကြီးကို မိတ်ဆွေရင်းအနေနဲ့ ထပ်ပြီးတော့ ပြောလိုတာကတော့ အဆွေတော်သမ္မတကြီး ဦးဆောင်ပြီးတော့ ကျင်းပတဲ့ရွေးကောက်ပွဲဟာဆိုလို့ရှိရင် မြန်မာနိုင်ငံရဲ့ ပြည်သူပြည်သားတွေအားလုံးအတွက် ရွေးကောက်ပွဲကို ကျင်းပတာဖြစ်လို့လည်း ကျွန်တော်ထောက်ခံပါတယ်။ ဒီရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံရဲ့ ပြည်သူပြည်သားတွေအားလုံးအနေနဲ့လည်း အစိုးရက ပြည်သူပြည်သားတွေအားလုံးအတွက်လုပ်ဆောင်ပေးတယ်ဆိုတာကိုလည်း နားလည်ရမှာဖြစ်ပါတယ်။

### လေးစားရပါသော အဆွေတော်သမ္မတကြီးခင်ဗျာ

အဆွေတော်သမ္မတကြီးနဲ့ မြန်မာနိုင်ငံအနေနဲ့ အနာဂတ်မှာ အလားအလာကောင်းတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော်ယုံကြည်ပါတယ်။ လက်ရှိအခြေအနေမှာတော့ မြန်မာနိုင်ငံအနေနဲ့ အနာဂတ်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် တည်ငြိမ်အေးချမ်းမှုကို အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ ဒီလိုမျိုး မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့လည်း တတ်နိုင်သလောက် ကူညီပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဒီနေ့ မြန်မာနဲ့ ဘယ်လာရုစ် နှစ်နိုင်ငံအကြား Road Map ကိုလည်း လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ ဒီ Road Map မှာလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေကို အသေးစိတ်ဖော်ပြပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စီးပွားရေးဆိုင်ရာကိစ္စရပ်တွေ၊ စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်တွေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်တွေ အများကြီးဆွေးနွေးပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးခဲ့တာတွေအားလုံးရဲ့အပြီးမှာ အရေးကြီးတဲ့ အချက်တစ်ချက်ရှိပါတယ်။ အဲဒါကတော့ နှစ်နိုင်ငံအကြား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်ပြီးတော့ ပါဝင်တဲ့အခန်းကဏ္ဍတွေကတော့ ဆေးဝါး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ခြင်းဆိုင်ရာ အခန်းကဏ္ဍတွေပါပါတယ်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီးတော့ တိုးမြှင့်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ ကူညီသွားမှာဖြစ်ကြောင်းလည်း ပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ ထပ်မံပြောကြားလိုတာကတော့ ကျွန်တော့်ရဲ့ နိုင်ငံရေးသက်တမ်းတစ်လျှောက်မှာ အဆွေတော်ဦးဆောင်တဲ့ အစိုးရအဖွဲ့လိုမျိုး မိမိနိုင်ငံနဲ့ မိမိပြည်သူပြည်သားတွေအတွက် နေ့စဉ်နေ့တိုင်း အားသွန်ခွန်စိုက် အလုပ်လုပ်တဲ့ အစိုးရနဲ့ နိုင်ငံခေါင်းဆောင်မျိုး မတွေ့ဖူးပါဘူး။ တော်တော်လေးကို ရှားရှားပါးပါး တွေ့ဖူးတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း နှစ်နိုင်ငံပြည်သူပြည်သားတွေအားလုံး အကျိုးအမြတ်ရစေဖို့၊ နှစ်နိုင်ငံပြည်သူပြည်သားတွေ အားလုံးစိတ်ချမ်းသာစေဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့အတွက် ဘယ်လာရုစ်နိုင်ငံအနေနဲ့ အဆင်သင့်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံကနေပြီးတော့ Specialist တွေ ဘယ်လာရုစ်နိုင်ငံကို လာခဲ့ပါ။ ဖိတ်ခေါ်ပါတယ်။ မြန်မာနိုင်ငံအတွက် ဘာတွေလိုအပ်နေတယ်ဆိုတာကိုလည်း ဆွေးနွေးပါ။ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ အမြဲတမ်းကူညီသွားဖို့ အဆင်သင့်ရှိပါတယ်။ ကျွန်တော်တို့ အခုလိုမျိုးလာရောက်တဲ့ ခရီးစဉ်နဲ့ ပတ်သက်ပြီးတော့ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုပေးတဲ့အတွက်ရယ် အထူးတလည် အချိန်ပေးပြီးတော့ တွေ့ဆုံတဲ့အတွက်လည်း ကျေးဇူးအများကြီးတင်ပါတယ်ဟု ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို၊ တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ယနေ့နံနက်ပိုင်းတွင် သမ္မတအိမ်တော်ဆင်ဖြူတော်ဆောင်ဧည့်ခန်းမ၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ လိုက်ပါလာသည့် အထူးယာဉ်တန်းသည် နိုင်ငံတော်သမ္မတအိမ်တော်သို့ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့၏ ဦးဆောင်ကြိုဆိုမှုဖြင့်ရောက်ရှိလာရာ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုခံစင်မြင့်၌ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။ ထိုသို့ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူနေချိန်တွင် ဂုဏ်ပြုအမြောက် တပ်ဖွဲ့ကလည်း အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

**ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေး**

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကာ ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံအဖွဲ့ဝင်များနှင့် အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအိမ်တော်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ သီးခြားတွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို မြန်မာနိုင်ငံမှ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုကို ပြသသည့်ခရီးစဉ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှု ၂၆ နှစ်တာ ကာလအတွင်း

စာမျက်နှာ ၈ သို့ ❖





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

❖ စာမျက်နှာ ၇ မှ

မြန်မာနိုင်ငံသို့ ဘယ်လာရုစ်နိုင်ငံမှ နိုင်ငံတော်အကြီးအကဲအနေဖြင့် လာရောက်သည့် သမိုင်းဝင်ခရီးစဉ် တစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံအကြား ချစ်ကြည်ရေး ခရီးစဉ်များ အပြန်အလှန် သွားရောက်ခြင်းအားဖြင့် သံတမန်ဆက်ဆံမှုနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံဘက်မှ ရပ်တည်ထောက်ခံပေးလျက် ရှိသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံ အနေဖြင့် BRICS အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သည့်အတွက်လည်း ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး BRICS အဖွဲ့ဝင်နိုင်ငံဖြစ်စေရေးနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU)အဖွဲ့ဝင်နိုင်ငံဖြစ်စေရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် ဘယ်လာရုစ်နိုင်ငံအနေဖြင့် ဆက်လက်ထောက်ခံပေးစေ လိုကြောင်း၊ အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ၏ ယခုခရီးစဉ်တွင် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ဆွေးနွေးမှုများ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံမှ ယခုကဲ့သို့ လှိုက်လှဲနွေးထွေးစွာကြိုဆိုမှုများအတွက် များစွာကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ကြိုဆိုမှုများနှင့် ပြင်ဆင်ထားရှိမှုများကို မြင်တွေ့ရသည့် အချိန်၌လည်း အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် အလှမ်းကွာဝေးသော်လည်း ချစ်ကြည်ရင်းနှီးမှုသည် တိုးတက်ကောင်းမွန်လျက် ရှိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် စက်မှုနိုင်ငံဖြစ်ပြီး စက်မှု၊ ဆေးဝါး နည်းပညာ၊ ပညာရေး၊ စိုက်ပျိုးရေးတို့တွင် အဆင့်မီနည်းပညာရပ်များကို ပိုင်ဆိုင်ထားသည့်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအတွက် လိုအပ်သည့် ကဏ္ဍများတွင် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စစ်ဘက်နည်းပညာဆိုင်ရာနှင့် ကုန်သွယ်မှုဆိုင်ရာများတွင်လည်း တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် စီးပွားရေးဖိုရမ်များကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး စီးပွားရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်နိုင်မည့်လိုအပ်ချက်များကို ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈) ကိုလည်း ရေးဆွဲနိုင်ခဲ့ပြီးဖြစ်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာမျက်နှာစာများ၊ အဖွဲ့အစည်းများ အကြားတွင် အမြဲတမ်းထောက်ခံရပ်တည်ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စရပ်မှန်သမျှကို ကြိုဆိုလျက် ရှိပါကြောင်း ပြန်လည် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် စစ်ဘက်နည်းပညာဆိုင်ရာ စသည့် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားမည် အခြေအနေ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko အား ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။

များ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား တိုက်ဖျက်ဆောင်ရွက်လျက်ရှိမှု၊ ယခုအခါ မြန်မာ-ထိုင်း နယ်စပ်တွင်ရှိနေသည့် အွန်လိုင်းလောင်းကစားမှုများသည် သမားရိုးကျမဟုတ်သည့် လုံခြုံရေးဆိုင်ရာစိန်ခေါ်ချက်ဖြစ်သဖြင့် သတိထားဆောင်ရွက်လျက်ရှိမှု၊ ယင်းလုပ်ငန်းသည် ကိုဗစ်-၁၉ ကာလနောက်ပိုင်း ၂၀၂၀ ပြည့်နှစ်မှ စတင်ကျယ်ပြန့်လာမှု၊ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုဖြစ်လာချိန်၌ နယ်စပ်ဒေသများတွင် တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှု လျော့နည်းလာသည်ကို အခွင့်ကောင်းယူပြီး တရားမဝင် လက်နက်ကိုင် အဖွဲ့များနှင့် ပူးပေါင်း၍ အွန်လိုင်း လောင်းကစားမှုကို အခြေချခဲ့မှု၊

စာမျက်နှာ ၉ သို့ ❖



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko လိုက်ပါလာသည့် အထူးယာဉ်တန်းအား နိုင်ငံတော်သမ္မတအိမ်တော်သို့ ဂုဏ်ပြုမြင်းစီးတပ်ဖွဲ့က ဦးဆောင်ကြိုဆိုလာစဉ်။



ဂုဏ်ပြုအမြောက်တပ်ဖွဲ့က အမြောက် ၂၁ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်ကြိုဆိုစဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၈ မှ

အွန်လိုင်းလောင်းကစားမှုပြုလုပ်သည့်နေရာများမှ ဖမ်းဆီးရမိသူ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ ပြည်ပနိုင်ငံသား ၇၀၀၀၀ နီးပါးခန့်ကို ထိန်းသိမ်း၍ မိခင်နိုင်ငံသို့ ပြန်ပို့လျက်ရှိမှု၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၀၀ ခန့်ကိုလည်း ပြန်ပို့ရန် ဆောင်ရွက်လျက်ရှိမှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် တရားမဝင်ဆောက်လုပ်ထားသည့်အဆောက်အအုံများကိုလည်း အပြီးတိုင်ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိပြီး အမြစ်ပြတ်ချေမှုန်းသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတစ်ရပ်ကို မကြာမီကာလအတွင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပြီး ဘယ်လာရုစ် နိုင်ငံမှလည်း လေ့လာစောင့်ကြည့်ရေး အဖွဲ့စေလွှတ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံ၌ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြပြီး ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ် အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ တို့သည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်တပ်မတော်လေဆိပ်မှ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

ဧည့်သည်တော် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်းတစ်လျှောက် အလေးပြုကြပြီး တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့် အကအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှတို့ဖြင့် ကပြဖျော်ဖြေခြင်းများနှင့်အတူ ကျောင်းသားကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍လည်းကောင်း၊ လမ်းဘေးဝဲ၊ ယာတစ်လျှောက် နှစ်နိုင်ငံအထိမ်းအမှတ်အလံများစိုက်ထူခြင်းတို့ဖြင့်လည်းကောင်း ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည့်အပြင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါသည့် အထူးလေယာဉ်အား မြန်မာ့တပ်မတော်(လေ) မှ ဂျက်တိုက်လေယာဉ်သုံးစင်းက လိုက်ပါခြံရံပျံသန်း၍ မြန်မာ့လေပိုင်နက်အဆုံးထိ ပို့ဆောင်ပေးခဲ့ကြကြောင်း သိရသည်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Aleksandr Lukashenko ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

သတင်းစဉ်

# ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr.Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E.Mr.Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုကြသည်။


## ကြိုဆိုနှုတ်ဆက်

ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးသို့ ရောက်ရှိကြရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်၊ ဦးကိုကိုလွင်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ မာရဝိဇယဂေါပကအဖွဲ့ များနှင့် တာဝန်ရှိသူများက ကြိုဆို နှုတ်ဆက်ကြသည်။

ထို့နောက် ဘယ်လာရုစ်သမ္မတ နိုင်ငံ သမ္မတနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး၏ အောင်မြေနေရာ တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ ပြီး ဂန္ဓကုဋိတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ဂန္ဓကုဋိ တိုက် အဆောင်အမှတ်(၂)တွင် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး တည်ထားကိုးကွယ်ခြင်း သမိုင်းမှတ်တမ်းနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် တည်ဆောက် ရေး လုပ်ငန်းဆောင်ရွက်မှုသမိုင်း မှတ်တမ်းတို့ကို ရှင်းလင်း ပြောကြားသည်။

ယင်းနောက်ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌတို့သည် သဒ္ဓါမိပတိ ခေါင်းလောင်းတော်ထိုး၍ ကုသိုလ် ပြုကြသည်။

ဆက်လက်၍ မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ကြပြီး အာရုံခံတန်ဆောင်း မုခ်ဆောင်၌ ဘယ်လာရုစ်သမ္မတ နိုင်ငံသမ္မတက ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုး သည်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr.Aleksandr Lukashenko နှင့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ အောင်မြေနေရာတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက် စဉ်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီး သမိုင်းမှတ်တမ်းစာအုပ် (အင်္ဂလိပ်၊မြန်မာ)နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံသမ္မတ ခရီးစဉ်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံနှင့် ဗီဒီယို မှတ်တမ်းတို့ကို ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတထံ ပေးအပ် သည်။

## ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဘယ်လာရုစ် သမ္မတနိုင်ငံသမ္မတ ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များသည် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး တည်ထား ကိုးကွယ်ရာ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်တော်အတွင်းမှ ပြန်လည် ထွက်ခွာရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်း သာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး များ၊ နေပြည်တော်ကောင်စီအဖွဲ့ ဝင်၊ မာရဝိဇယဂေါပကအဖွဲ့များ နှင့် တာဝန်ရှိသူများက ရင်းနှီး နွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ခဲ့ ကြသည်။

သတင်းစဉ်



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr.Aleksandr Lukashenko အား မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး တည်ထားကိုးကွယ်ခြင်းသမိုင်းမှတ်တမ်းနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုသမိုင်းမှတ်တမ်းတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ရှင်းလင်းပြောကြား စဉ်။



ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E.Mr.Aleksandr Lukashenko သဒ္ဓါမိပတိ ခေါင်းလောင်းတော် ထိုး၍ ကုသိုလ်ပြုစဉ်။

# အောင်လံမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

အောင်လံ နိုဝင်ဘာ ၂၈

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး Talk Show ကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခန်းမ၌ ကျင်းပသည်။

## အသိပညာပေးဆွေးနွေး

အဆိုပါ အသိပညာပေး Talk Show တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးသိန်းနှင့် မြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးနေဖြိုးဝင်းတို့က မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေးဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

မျိုးသိန်း(ပြန်/ဆက်)

# မြန်မာ - ဘယ်လာရုစ် နှစ်နိုင်ငံသံတမန်ချစ်ကြည်ရင်းနှီးမှုအခွန့်ရှည်တည်တံ့စေရန် ဘယ်လာရုစ်သမ္မတနိုင်ငံ၏မြို့တော် Minsk မြို့အမည်ဖြင့် လမ်းအမည် ဂုဏ်ပြုပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည် တည်တံ့စေရန် ရည်ရွယ်ပြီး ဘယ်လာရုစ်သမ္မတ နိုင်ငံ၏ မြို့တော် Minsk မြို့၏ အမည်အား ရာဇသင်္ဂဟလမ်းမကြီးနှင့် ဇမ္ဗူ ကျက်သရေ လမ်းမကြီးကို ဆက်သွယ်ထားသော လမ်း၏ အမည်အဖြစ် ဂုဏ်ပြုပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရာဇသင်္ဂဟလမ်းနှင့် သီရိကျော်စွာလမ်းထောင့် (အဆင့်မြင့်ဈေးအနီး)၌ ကျင်းပသည်။





ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ လမ်းအမည်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

အဆိုပါဂုဏ်ပြုလမ်းအမည်ပေး အခမ်းအနားသို့ ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတ H.E.Mr. Aleksandr Lukashenko ဦးဆောင်သည့် ကိုယ်စားလှယ် အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Maxim RYZHENKOV၊ စက်မှုဝန်ကြီး H.E. Mr. Andrei KUZNIATSOU၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU၊ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU၊ နိုင်ငံပိုင် အသေးစား စက်မှုလုပ်ငန်း "Bellegprom" ဥက္ကဋ္ဌ H.E. Ms. Nadzeya LAZAREVICH နှင့် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးမှ သံအမတ်ကြီး H.E. Mr. Uladzimir BARAVIKOU၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ၏ မြို့တော်များသည် ၂၀၁၁ ခုနှစ်မှ ချစ်ကြည်ရင်းနှီးမှု စတင်ခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီဖြစ်ကြောင်း၊ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတကြီး၏ ခရီးစဉ်တွင် ယခုကဲ့သို့ သမိုင်းမှတ်တမ်းတင်နိုင်ခဲ့သည့်အတွက် မိမိတို့ နှစ်နိုင်ငံပြည်သူပြည်သားများ၏ ချစ်ကြည်ရင်းနှီးမှု၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် အပြန်အလှန်နားလည်မှုများသည် နောင်နှစ်ပေါင်းများစွာတိုင် တည်တံ့ခိုင်မြဲသွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး၏ မြန်မာနိုင်ငံသို့လာရောက်သည့် တရားဝင် ချစ်ကြည်ရေး ခရီးစဉ်အတွင်း ဘယ်လာရုစ် သမ္မတနိုင်ငံ၏ မြို့တော် မင့်စ်မြို့၏ အမည်ကို ဂုဏ်ပြုပြီး ယခုဖွင့်လှစ်မည့်လမ်းကို "မင့်စ်လမ်း"အဖြစ် လမ်းအမည်ပေး သတ်မှတ်ခေါ်တွင်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ သတ်မှတ်ခေါ်တွင်မည့် လမ်းအမည်သည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု မှတ်တမ်းတစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က လမ်းအမည်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက လမ်းအမည် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံသံတမန် ချစ်ကြည်ရင်းနှီးမှု အခွန့်ရှည်တည်တံ့စေရန် ရည်ရွယ်၍ အမည်ပေးအပ်ထားသည့် Minsk လမ်းသည် ရာဇသင်္ဂဟလမ်းမကြီးနှင့် ဇမ္ဗူကျက်သရေလမ်းမကြီးကို ဆက်သွယ်ထားသော လမ်းမကြီးဖြစ်ပြီး အရှည်ပေ ၇၀၀၀ ကျော်ခန့်ရှိကာ အဆိုပါလမ်း၌ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၊ သီရိမင်္ဂလာအဆင့်မြင့်ဈေးတို့ တည်ရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU တို့နှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. Aliaksandr KHAJAYEU နှင့် စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာဆိုင်ရာဝန်ကြီး H.E. Mr. Yury HORLAU တို့ကို ယမန်နေ့ မွန်းလွဲပိုင်းက Jasmine Palace Hotel နေပြည်တော်၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနတို့အကြား ၂၀၁၃ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ ရောဂါရှာဖွေရေးနှင့် ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းများ ထုတ်လုပ်ရေးတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆေးဘက်ပညာရပ်ဆိုင်ရာ သင်ကြားရေးနှင့် ဘွဲ့လွန်ဆေးပညာရပ်ဆိုင်ရာသင်တန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ဆေးလက်တွေ့ပညာရပ်၊ ဆေးကုသမှုနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများကို Fast Track Mechanism ဖြင့် ဆေးဝါးမှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိသည့်ကိစ္စရပ်များ။

ဘယ်လာရုစ်နိုင်ငံ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထုတ်လုပ်သည့် အစားအသောက်၊ ကလေးအာဟာရမှုန့်၊ နို့နှင့်နို့ထွက်ပစ္စည်းများ မြန်မာနိုင်ငံသို့တင်ပို့ရောင်းချနိုင်ရေးကိစ္စများတွင် ကျန်းမာရေးဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ အရေးပေါ် ထိခိုက်ဒဏ်ရာရရှိသူများကို ကုသပေးသည့် အရေးပေါ်ဆေးသေတ္တာ(First Aid Medical Box)နှင့် အရေးပေါ် သွေးတိတ်ပတ်တီးများ မြန်မာနိုင်ငံတွင် အသုံးပြုနိုင်ရေးနှင့် လိုအပ်ပါက ထုတ်လုပ်မှုအထိ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ အသည်းအစားထိုးဆေးကုသမှုအပါအဝင် ဆေးကုသမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် နှစ်နိုင်ငံ အပြန်အလှန် ဆေးဘက်ပညာရှင်များစေလွှတ်၍ ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ လေ့ကျင့်သင်ကြားပေးရေးကိစ္စရပ်များ၊ Virtual စနစ်ဖြင့် Telemedicine ဆေးကုသမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် Belarus State Medical University (BSMU) တို့အကြား ပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို နိုဝင်ဘာလအတွင်းက ချုပ်ဆိုခဲ့ပြီးဖြစ်ရာ နှစ်နိုင်ငံဆေးတက္ကသိုလ်များအကြား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြင့်သင်တန်းများ၊ သိပ္ပံပညာရပ်ဆိုင်ရာ လက်တွေ့ဆွေးနွေးပွဲများ၊ ပညာရေးဆိုင်ရာညီလာခံများ၊ သင်တန်းများဖလှယ်ဆောင်ရွက်မည့် ကိစ္စရပ်များစသည်တို့ကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မတ္တရာမြို့နယ်ရှိ ဆည်တော်ကြီးရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး နှင့်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ မန္တလေးတပ်နယ်မှ တပ်နယ်မှူးနှင့် စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ နှင့်အဖွဲ့ဝင်များလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံ ခရိုင်၊ မတ္တရာမြို့နယ် ဆည်တော် ကြီးကျေးရွာရှိ ဆည်တော်ကြီး ရေလှောင်တမံသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။





အဆိုပါ ဆည်တော်ကြီးရေလှောင်တမံသို့ ရောက်ရှိစဉ် ရေအားလျှပ်စစ်စက်ရုံထိန်းချုပ်ခန်းနှင့် ထရန်စဖော်မာများပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်း စက်ရုံမှူး ဦးတိုးနိုင်ဝင်းက မန္တလေးမြို့ အောင်ပင်လယ် ဓာတ်အားခွဲရုံသို့ ဓာတ်အားပေးပို့နိုင်ရန်အတွက် ပို့လွှတ်ရေးပစ္စည်းများအား စစ်ဆေးပြုပြင်နေမှု၊ ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဌာနမှ တာဝန်ယူထိန်းသိမ်းသော 132KV အောင်ပင်လယ်-ဆည်တော်ကြီးလိုင်းပြုပြင်ပြီးစီးပါက နိုင်ငံတော်ဓာတ်အားစနစ်ထဲသို့ ဓာတ်အားထည့်ရန် ဆည်တော်ကြီးတမံ၏ စက်အမှတ်(၂)အားလည်းပတ်သွားမည့် အခြေအနေ၊ စက်အမှတ်(၁)၏ ပင်မထရန်စဖော်မာများပျက်စီးမှုအား စစ်ဆေးခြင်းဆောင်ရွက်နေမှု အခြေအနေများနှင့်ဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း လုံခြုံအေးချမ်းစွာဖြင့် တာဝန်များထမ်းဆောင်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ ရေပိုလွှဲတံခါးကြီးများမှ မိုးစပါးအောင်ရေအတွက် ရေထုတ်လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံမင်းထွန်းက ဆည်တော်ကြီးရေလှောင်တမံဆိုင်ရာ အချက်အလက်များ၊ တမံကြံ့ခိုင်မှုအတွက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးတွေ့ရှိခဲ့မှု အခြေအနေများနှင့် ပြုပြင်ဆောင်ရွက်သွားမည့် အစီအမံများ၊ တမံအတွင်း ရေသိုလှောင်ထိန်းသိမ်းထားမှု၊ မိုးစပါးအောင်ရေအတွက် ရေထုတ်လွှတ်နေမှု၊ မန္တလေး၊ မတ္တရာ၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေခွဲဝေလျာထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တိုင်းမှူးတို့က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများ ပြောကြားကာ တမံနှင့်ရေအားလျှပ်စစ်စက်ရုံတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။



အဆိုပါ ဆည်တော်ကြီးရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စလေကျေးရွာအုပ်စု၊ ဆည်တော်ကြီးရွာအနီးတွင်တည်ရှိပြီး မန္တလေးမြို့ရေပေးဝေရေး၊ မတ္တရာဒေသနှင့် မန္တလေးပတ်ဝန်းကျင်ဒေသတွင်း စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် ရည်ရွယ်ဆောက်လုပ်ထားသည့် တာတမံဖြစ်ကြောင်း၊ ၁၉၇၆ ခုနှစ်မှစတင်တည်ဆောက်ခဲ့ရာ ၁၉၈၇ ခုနှစ်တွင် အောင်မြင်စွာပြီးစီးခဲ့သည့် မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ တမံအလျားပေ ၄၁၂၀၊ တမံအမြင့် ၁၃၃ ပေနှင့် တမံထိပ်အကျယ်ပေ ၂၀ ရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏအနေဖြင့် ဧကပေ ၃၆၃၀၀၀ ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့၊ ရွာများအတွက် ဆည်ရေပေးဝေနိုင်သည့် လယ်မြေဧက ၉၃၂၃၆ ကို စိုက်ပျိုးရေဖြန့်ဖြူးပေးနိုင်ကြောင်း၊ ဆည်တော်ကြီးရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် စက်တပ်စွမ်းအား ၂၅ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု နာရီသန်းပေါင်း ၁၃၄ ကီလိုဝပ်ကိုလည်း ထုတ်လုပ်ပေးသဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ဆည်တော်ကြီးရေလှောင်တမံဖြစ်ကြောင်းနှင့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ရေသိုလှောင်ပမာဏဧကပေ ၂၉၆၉၈၀ ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀





သစ်တော သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၆ ဦး ပေါင်း ၈၃ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၆ ဦး ပေါင်း ၈၃ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင် ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံ အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစား ဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အားစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး နှစ်ဦး၊ ချမ်းမြသာစည်မြို့နယ်မှ အမျိုးသား လေးဦး၊ အောင်မြေသာစံ မြို့နယ်မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ပုသိမ်ကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ၂၃ ဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး ခုနစ်ဦး၊ သပိတ်ကျင်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသား သုံးဦး၊ ညောင်ဦးမြို့နယ်မှ အမျိုးသား လေးဦး၊ ပြည်ကြီးတံခွန်မြို့နယ်မှ အမျိုးသား တစ်ဦး၊ စဉ့်ကိုင်မြို့နယ်မှ အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၆ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ လည်းကောင်း၊ မတ္တရာမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ လည်းကောင်း ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေပုဒ်မများနှင့် ပတ်သက်၍ အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ် ၁၀ လက်၊ ပစ္စတို တစ်လက်၊ လက်လုပ်သေနတ် သုံးလက်၊ လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း ခြောက်လုံး၊ ကျည်အိမ် ၁၈ ခု၊ ကျည် ၇၅၉ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၁၀ လက်အတွက် ငွေကျပ် သိန်း ၅၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်လုပ်သေနတ် တစ်လက်နှုန်းအတွက် ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် သေနတ် သုံးလက်အတွက် ငွေကျပ် ၁၅ သိန်း၊ လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်းတစ်လုံးစီအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း ခြောက်လုံးအတွက် ငွေကျပ် ၁၈ သိန်းနှင့် အလင်းဝင်လာသူအားလုံးအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၈၃ ဦး အတွက် ဆုကြေးငွေကျပ် ၄၁၅၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၉၄၅၀၀၀၀ နှင့် ထောက်ပံ့ပစ္စည်းများကိုပြန်လည်ထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်ခဲယမ်းများအား ကြည့်ရှုစစ်ဆေး၍ တက်ရောက် လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



ကျွန်တော့် အသက်က ၁၆ နှစ်ပါ။ ကျွန်တော် အကြမ်းဖက်အဖွဲ့အစည်းထဲကို ဘယ်လိုရောက်သွားလဲဆိုတော့ ကျွန်တော့်အစ်ကိုက အလုပ်လုပ်ဖို့ ဆိုပြီးတော့ လိမ်ခေါ်လို့ ရောက်ခဲ့ရတာပါ။ အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်သွားတဲ့အခါမှာ ကျွန်တော် အကြမ်းဖက်သင်တန်း သုံးလ တက်ခဲ့ရပါတယ်။ သင်တန်းကာလမှာ TNLA ပလောင်တွေက ကျွန်တော်တို့ကို သင်တန်းပို့ချပေးပါတယ်။ ပလောင်တွေ အုပ်ချုပ်တော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေကို လူမျိုးရေးခွဲခြားတာတွေ၊ ဖိနှိပ်တာတွေ၊ ရိုက်နှက်တာတွေ အမြဲတမ်း ပြုလုပ်ပါတယ်။ အစားအသောက် ဆိုလည်း ကောင်းကောင်းမွန်မွန် မကျွေးပါဘူး။ လူမျိုးရေးခွဲခြားဆက်ဆံတာတွေ၊ ကျွန်တော်တို့ အလွန်မုန်းပါတယ်။ ဒါပေမဲ့လည်း သတ်ပစ်ခံရမှာ ကြောက်လို့ ကျွန်တော်တို့ ငြိမ်ခံခဲ့ရပါတယ်။ အစ်ကိုနဲ့ ချိတ်ဆက်မိတယ်။ အစ်ကိုက အလင်းဝင်သွားပြီ ဆိုတော့ ကျွန်တော်နဲ့ အစ်ကို အဆက်အသွယ်လုပ်ပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လာတယ်။ TNLA အကြမ်းဖက် အဖွဲ့က ပြောသလိုမျိုး တပ်မတော်ဘက်ရောက်ရင် မင်းတို့ကို သတ်ပစ်မှာတို့၊ နှိပ်စက်မှာတို့၊ ရိုက်နှက်မှာတို့ ဆိုတာ လုံးဝမရှိပါဘူး။ တပ်မတော်ဘက်ကို အလင်းဝင်လာတော့ ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ လိုလေသေးမရှိအောင်ထားတယ်။ တစ်နေ့ ထမင်းသုံးနပ် ပုံမှန်ကျွေးတယ်။ မိသားစုတွေလည်း အတူတူနေလို့ရအောင် စီစဉ်ပေးတယ်။ အလုပ်အကိုင်တွေလည်း ရအောင်စီစဉ်ပေးတယ်။ တောထဲမှာကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေလည်း တပ်မတော်ဘက်ကို အမြန်ဆုံး အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေသက ပြည်သူလူထုဆီက နေပြီးတော့ ပစ္စည်းများခိုးယူသုံးစွဲခဲ့သည်ရှိသော် ကျွန်တော် ဒီနေရာကပဲ အနူးအညွတ် တောင်းပန်လိုက်ပါတယ်။ နောက်နောင် ဒီလို အကြမ်းဖက်အဖွဲ့အစည်းတွေနဲ့ မပတ်သက်တော့ကြောင်းလည်း ဒီကနေပြီးတော့ ကတိသစ္စာပေးအပ်လိုက်ပါတယ်။



အသက်က ၁၇ နှစ်ပါ။ MDY PDF အကြမ်းဖက်အဖွဲ့အစည်းထဲကို မရောက်ခင်တုန်းကတော့ ကျွန်မ ကျောင်းတက်နေပါတယ်။ MDY PDF အကြမ်းဖက် အဖွဲ့အစည်းထဲကို ဘာလို့ ရောက်သွားလဲဆိုတော့ ကျွန်မအိမ်က အလုပ်အကိုင် အဆင်မပြေလို့ ကျွန်မ အလုပ်ထွက်လုပ်မယ် ဆိုပြီးတော့ အိမ်ကနေ ထွက်ခဲ့ပါတယ်။ လမ်းမှာ အစ်ကိုတစ်ယောက်နဲ့ တွေ့တယ်။ အဲဒီအစ်ကိုက သူ့ဆီမှာ အလုပ်လုပ်ရင် တစ်လကို ငါးသိန်း၊ ခြောက်သိန်းလောက် ရမယ်လို့ ကျွန်မကို ပြောတယ်။ နေရိပ်ထဲမှာပဲ ကွန်ပျူတာတစ်လုံးနဲ့ လုပ်ရမယ်လို့ ပြောတယ်။ အဲဒီမှာ ကျွန်မ အဲဒီအစ်ကိုနဲ့ လိုက်သွားတယ်။ အဲဒီအစ်ကိုက ကျွန်မကို ငှက်ပျောတောထဲမှာ ငါးရက်လောက်ထားတယ်။ အဲဒီမှာ သူက MDY PDF အကြမ်းဖက် အဖွဲ့အစည်းထဲကရဲဘော်တစ်ယောက်ဆိုတာ သိခဲ့ရတယ်။ ငါးရက်လောက်နေပြီးတော့ယောကျ်ားလေး၄၆ယောက်၊ မိန်းကလေး ငါးယောက် စုပြီးတော့ R2 လူသစ်စုဆောင်းရေးမှာ သင်တန်းတက်ရောက်ဖို့ဆိုပြီးတော့ ကျွန်မတို့ကို ထားခဲ့တယ်။ PDF နည်းပြတွေက မိန်းကလေးတွေကို ထိကပါးရိကပါးတွေလည်း အမြဲလုပ်တယ်။ အဲဒီမှာ ကျွန်မက ထွက်ပြေးဖို့ ကြံစည်ခဲ့ပါတယ်။ ကြံစည်တာကို သူတို့သိသွားတော့ ကျွန်မကို ခြိမ်းခြောက်ပါတယ်။ ငါတို့ဖမ်းမိရင် နင့်ကို ဘာမှ လုပ်မှာမဟုတ်ဘူး။ တပ်မတော်ဘက်ကသာ နင့်ကို ဖမ်းမိသွားရင် ရိုက်နှက်တာတွေ၊ နှိပ်စက်တာတွေ၊ မုဒိမ်းကျင့်ပြီး သတ်မှာလို့ ပြောပြီး ခြိမ်းခြောက်ပါတယ်။ အဲဒါနဲ့ ကျွန်မလည်း ကြောက်ပြီး ဘာမှမလုပ်ရဲဘဲ နေနေရတယ်။ ပြီးတော့ ကျွန်မထက်အရင် အလင်းဝင်သွားတဲ့ အစ်မနဲ့ အဆက်အသွယ်ရခဲ့တယ်။ အဲဒီအစ်မကို ကျွန်မက ဒီမှာ မနေချင်တော့ဘူးလို့ ပြောတော့ အစ်မက သူ့ဆီလာခဲ့လို့ ခေါ်တယ်။ အဲဒါနဲ့ ကျွန်မ သူ့ဆီကို လိုက်သွားတယ်။ ဒီက တာဝန်ရှိလူကြီးတွေက ကျွန်မကို နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် ဆက်ဆံတယ်။ PDF နည်းပြတွေ ကျွန်မကို မှိုင်းသွင်းထားသလို တပ်မတော်ဘက်က ရိုက်တာ၊ နှိပ်စက်တာတွေ ဘာမှ မလုပ်ပါဘူး။ ကျွန်မကို အိမ်ပြန်ဖို့အတွက်လည်း စီစဉ်ပေးနေတယ်။ ကျွန်မမိဘတွေနဲ့လည်း တွေ့ရတော့မှာပါ။ ကျွန်မ အိမ်ပြန်ရောက်ရင် ကျောင်းဆက်တက်မယ်။ မိဘကို ကောင်းကောင်းမွန်မွန် ပြုစုမယ်။ ကျွန်မ မိသားစုနဲ့ တိုင်းပြည်အတွက် အလုပ်ကြိုးစားလုပ်မှာပါ။ ပြီးတော့ တောထဲမှာ ကျန်ခဲ့တဲ့ ကျွန်မရဲ့ ညီအစ်ကိုမောင်နှမ အားလုံးကိုလည်း MDY PDF အကြမ်းဖက်အဖွဲ့အစည်းရဲ့ မကောင်းတဲ့ လုပ်ရပ်တွေကို စွန့်လွှတ်ပြီးတော့ ကျွန်မတို့နဲ့ လာရောက်ပူးပေါင်းပါ။ တပ်မတော်ထံ လာရောက်အလင်းဝင်ပါလို့ ဖိတ်ခေါ်ပါတယ်။ ■

# မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၃/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၊ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်

**မန္တလေး နိုဝင်ဘာ ၂၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးလုပ်ငန်းသင်တန်းအမှတ်စဉ်(၃/၂၀၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ မြို့တော်စည်ပင်အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများ၊ ပြင်ပဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။





ရှေးဦးစွာ မြို့တော်ဝန်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းကာလ ရက်သတ္တ လေးပတ်ကြာ တက်ရောက်ခဲ့ကြသည့် သင်တန်းဆင်းဝန်ထမ်းများအနေဖြင့် ကော်မတီ၏ ဌာနကြီး (၁၄)ခု၏ သိသင့်သိထိုက်သည့် လုပ်ငန်းသဘောသဘာဝ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ရုံးစာ ရေးသားနည်း၊ ရုံးစာများစနစ်တကျထိန်းသိမ်းနည်း၊ နိုင်ငံ့ဝန်ထမ်းတိုင်း ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်၊ လိုက်နာရမည့်စည်းကမ်း၊ နိုင်ငံသားတစ်ဦး လိုက်နာစောင့်ထိန်းရမည့် ဥပဒေပညာရပ်ဆိုင်ရာ အခြေခံအသိပညာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ၊ နည်းဥပဒေ၊ လုံခြုံရေးဆိုင်ရာ အသိပညာ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာ၊ လူမှုဖူလုံရေးဆိုင်ရာ အသိပညာ၊ မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာ၊ နိုင်ငံတကာ ဆက်ဆံရေးပညာရပ်ဆိုင်ရာ အသိပညာ၊ ကျန်းမာရေးဆိုင်ရာ အသိပညာနှင့် အထွေထွေဗဟုသုတများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အသိပညာနှင့် သင်တန်းပို့ချသူ ဆရာ၊ ဆရာမများ၏ အတွေ့အကြုံများစသည်တို့ကို ကော်မတီအတွင်းမှသာမက ပြင်ပနည်းပြများကိုပါ ဖိတ်ကြား၍ အချိန်တိုအတွင်း သင်ကြားပေးခဲ့ပြီးဖြစ်ပါကြောင်း။

ဝန်ထမ်းများအတွက် မိမိတာဝန်ယူ လုပ်ကိုင်ရသော အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် ကော်မတီအနေဖြင့် တစ်နှစ်လျှင် ရုံးလုပ်ငန်း သင်တန်းများ သုံးကြိမ်ဖွင့်လှစ်ပေးသည့်အပြင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် သင်တန်းများသို့လည်း စေလွှတ်တက်ရောက်စေခဲ့ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံမြေတိုင်းသင်တန်းကျောင်း(ပြင်ဦးလွင်)နှင့် ယခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(ရန်ကုန်မြို့)တို့၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများသို့လည်း သင်တန်းသားများ စေလွှတ်တက်ရောက်စေခဲ့ပါကြောင်း။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် မန္တလေးမြို့တော်အတွင်း နေထိုင်သူပြည်သူများထံမှ ကောက်ခံရရှိသော ဘဏ္ဍာငွေအပေါ် မူတည်၍ နှစ်အလိုက် မန္တလေးမြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အခွန်အခများကို လျာထားချက်အတိုင်း အပြည့်အဝရရှိအောင် ကြိုးစားကောက်ခံပေးကြရန် ဝန်ထမ်းများအား မှာကြားလိုကြောင်း၊ ဌာနများအနေဖြင့် မိမိတို့ဌာန၏ ဝင်ငွေရရှိမှု၊ သုံးစွဲမှုများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်နေရမှာဖြစ်ပြီး အခွန်အခများကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာပြီးလေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် စီမံချက်ဖြင့် စနစ်တကျ ကွင်းဆင်းကောက်ခံ၍ ရသင့်ရထိုက်သည်များကို လေလွင့်မှု မရှိအောင် အလေးထားဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ဌာနများအလိုက် အထူးအရေးကြီး ထိန်းသိမ်းကြရမည့်အဆင့်အလိုက် စာရွက်စာတမ်းများ လုံခြုံရေးနှင့် စနစ်တကျရှိရေး၊ ကော်မတီပိုင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများကို မိမိပိုင်ပစ္စည်းကဲ့သို့ ပျက်စီးဆုံးရှုံးမှု မရှိစေရေးနှင့် အလေအလွင့်မရှိစေရေးအတွက် စာရင်းဇယားများဖြင့် စနစ်တကျကိုင်တွယ်ထိန်းသိမ်းသုံးစွဲကြရန် မှာကြားလိုကြောင်း။

ထို့ပြင် စည်ပင်သာယာရေးဆိုင်ရာ ဝန်ဆောင်မှုများရယူမည့် ပြည်သူများ၏ တင်ပြချက်များ၊ လျှောက်ထားလာမှုများကိုလည်း မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်ပေးပြီး မိမိကြောင့် ကြန့်ကြာမှုမရှိအောင် လျင်မြန်စွာ စိစစ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း၊ သင်တန်းက သင်ကြားပေးလိုက်သည့် အကြောင်းအရာများကို လက်တွေ့လုပ်ဆောင်မှုနှင့် ချိတ်ဆက်ပြီး လုပ်ငန်းခွင်မှာ လေ့လာကြိုးစားဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်သည့်အပြင် တွေ့ကြုံရသည့်အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ရင်း စွမ်းဆောင်ရည်တွေ တိုးတက်လာမှာ ဖြစ်ပါကြောင်း။




နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအား ရာထူးအဆင့်အလိုက် လစာအပြင် အပိုထောက်ပံ့ကြေးများ ခံစားခွင့်ပြုပေးခဲ့ပြီးဖြစ်သည့်အပြင် ယာယီနေ့စားဝန်ထမ်းများအတွက်လည်း တစ်နေ့အနည်းဆုံး လုပ်အားခငွေကျပ် ၄၈၀၀ အပြင် အပိုထောက်ပံ့ကြေးငွေကျပ် သုံးသောင်းကိုလည်း ခံစားခွင့်ပြုခဲ့ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်း(အမြဲတမ်း)များအတွက် တစ်နှစ်လျှင် ဝတ်စုံစရိတ်ငွေကျပ် သုံးသောင်းကိုလည်း (၁-၆-၂၀၂၂)ရက်မှစ၍ ခံစားခွင့်ပြုပေးခဲ့ပါကြောင်း၊ ဌာနအလိုက် ဝန်ထမ်းဆန္ဒထုတ်ဖော်ပွဲများပြုလုပ်ပြီး အခက်အခဲများကို ဖြေရှင်းပေးလျက်ရှိသဖြင့် ဝန်ထမ်းများမှလည်း လုပ်ငန်းခွင်မှာ အားသွန်ခွန်စိုက်ကြိုးစားထမ်းရွက်ပေးကြဖို့ မှာကြားလိုကြောင်း။

သင်တန်းအား အချိန်ပေးလာရောက်သင်ကြားပြသပေးခဲ့ကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့်တကွ ပြင်ပဌာနဆိုင်ရာ အသီးသီးမှ ဆရာ၊ ဆရာမများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူများကို အထူးမှာကြားလိုသည်မှာ "ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဆိုသည့်အတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအနေဖြင့် မန္တလေးမြို့တော်နေ ပြည်သူများအတွက် စည်ပင်သာယာရေးလုပ်ငန်းများကို စေတနာထား၍ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန်နှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သော ဝန်ထမ်းကောင်းများ ဖြစ်အောင် တာဝန်ယူ ကြိုးစားဆောင်ရွက်ကြပါဟု တိုက်တွန်းပါကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်က သင်တန်းထူးချွန်(ပထမ၊ ဒုတိယ၊ တတိယဆု)ရ ဝန်ထမ်း သုံးဦးအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များကိုလည်းကောင်း၊ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည့် တိုင်းဒေသကြီး ဥပဒေချုပ်အား အမှတ်တရလက်ဆောင်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေချုပ်ကသင်တန်းထူးချွန်ဆုရ ဝန်ထမ်းသုံးဦးအား အမှတ်တရဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြို့တော်စည်ပင်အတွင်းရေးမှူးက ပြင်ပဌာနဆိုင်ရာအသီးသီးမှ လာရောက်သင်ကြားပို့ချပေးခဲ့ကြသည့် သင်တန်းနည်းပြ ဆရာ၊ ဆရာမများအား အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း တစ်ဦးချင်းပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်တွဲဖက်အတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်ချီးမြှင့်ပြီးနောက် မြို့တော်ဝန်၊ တိုင်းဒေသကြီးဥပဒေချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းအမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ပြီးမြောက်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့.စဉ်)**

၀-၀-၀-၀

Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။



တရားမဝင် နိုင်ငံခြားသားများထားရှိသည့် ငါးထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းနေစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိသည့် လေးထပ်တိုက်အဆောက်အအုံကို ဝင်ရောက်ရှင်းလင်းနေစဉ်။

◌ စာမျက်နှာ ၂၄ မှ

ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အဆောက်အအုံများကို အပိုင်းသုံးပိုင်းခွဲ၍ စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ခုနစ်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိအဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၁၅ လုံးဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၆၃ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ ဈေးဆိုင်ခန်းများ၊ ဟိုတယ်များနှင့် ကေတီဗွီများဖြစ်သော တစ်ထပ်အဆောက်အအုံ ၁၄ လုံး၊ နှစ်ထပ်အဆောက်အအုံ ၄၂ လုံး၊ သုံးထပ်အဆောက်အအုံ ၁၀၃ လုံး၊ လေးထပ်အဆောက်အအုံ ၆၃ လုံး၊ ငါးထပ်အဆောက်အအုံရှစ်လုံး၊ ခုနစ်ထပ်အဆောက်အအုံတစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ၂၃၁ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှု လုပ်ငန်းများလုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လက်ကိုင်ဖုန်းနှင့် အသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်း ဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင် အဆောက်အအုံ ၁၀၉ လုံးကိုတွေ့ရှိရပြီး အဆိုပါ အဆောက်အအုံများအား ပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက် ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၃ လုံးကို ချိပ်ပိတ်နိုင်ခဲ့ရာ စုစုပေါင်း ၆၄ လုံးအထိ ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ် နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၂၀၄၂ ဦးနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ အလုံး ၃၃၁၀၊ မိုဘိုင်းဖုန်း အလုံး ၂၁၈၇၀၊ star Link ဘာန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံး ပစ္စည်းအများအပြားကိုစိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနယ်မြေများ၌ ဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြို့င် ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး အတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၈၈၂ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၅၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





KK Park နယ်မြေအပိုင်း(၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေအဆောက်အအုံနှစ်ထပ်တိုက်ကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။





KK Park နယ်မြေအပိုင်း(၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေအဆောက်အအုံသုံးထပ်တိုက်ကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။



တရားမဝင် လောင်းကစားပစ္စည်းများကို မီးရှို့ဖျက်ဆီးစဉ်။



မီးရှို့ဖျက်ဆီးမည့် တရားမဝင် လောင်းကစားပစ္စည်းများကို တွေ့ရစဉ်။

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်၊ အကွက်အမှတ်(၈၃၈)၊ ဦးပိုင်အမှတ်(၁၄၉)၏ မြောက်ဘက်အစိတ်အပိုင်း၊ အရှေ့အနောက် (၅၅) ပေ၊ တောင်မြောက် (၁၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ဆိုင်သူထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ အကြွင်းမဲ့ပိုင်ဆိုင်သည်ဟု အဆိုပြုပြီး ဒေါ်ခင်မာစိုး(၅/ဟမလ(နိုင်)၀၅၆၃၇၂)က ရောင်းချရန် ကမ်းလှမ်းမှုအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဥမ္မာစံမှ ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်အပိုဒ်ပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးကျော်မင်း (B.Sc(Chem) , Dip in Business Law , H.G.P)**

**အထက်တန်းရှေ့နေ (စဥ်–၂၀၀၅၁)**

**လမ်း၈၀နှင့် ၄၃လမ်းထောင့်၊ ရုံးအနီး၊ အကွက်(၈၄၂)၊ ချမ်း/မြောက်ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၉)၊ ဦးပိုင်အမှတ်(၄၂)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်မျိုးမျိုးသန်း(ဘ) ဦးတင်ချွန်း (၉/ပကခ(နိုင်)၀၀၉၃၀၂)၊ ဦးမိုးမြင့်ကျော်(ဘ)ဦးတင်ချွန်း(၉/ပကခ(နိုင်)၀၁၅၅၇၅)နှင့် ဦးရဲမြင့်ကျော်(ဘ)ဦးတင်ချွန်း(၉/ပကခ(နိုင်)၀၁၅၅၇၆) တို့ (၃)ဦး အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံ ကတိပြုသူများဖြစ်ကြသည့် ဒေါ်မျိုးမျိုးသန်း(ဘ)ဦးတင်ချွန်း (၉/ပကခ(နိုင်)၀၀၉၃၀၂)၊ ဦးမိုးမြင့်ကျော်(ဘ)ဦးတင်ချွန်း(၉/ပကခ(နိုင်)၀၁၅၅၇၅)နှင့် ဦးရဲမြင့်ကျော်(ဘ)ဦးတင်ချွန်း (၉/ပကခ(နိုင်)၀၁၅၅၇၆)တို့ (၃)ဦးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

# အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ်(၁၀၃)နေ ဒေါ်အယ်ဘဲလ်ကွင်း(ဘ)မစ္စတာအာရ်ကွင်း၊ မှတ်ပုံတင်အမှတ်(၉/မရမ(နိုင်)၀၄၆၁၁၄)ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၆)၊ ဦးပိုင်အမှတ်(၁၀၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်သည် ဦးလှရွှေ(ဘ)ဦးလှကြီး(ဒီအေ-၀၂၄၆၇၉) အမည်ပေါက် ဂရန်မြေကွက် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်သူ ဦးလှရွှေထံမှ ကျွန်ုပ်တို့မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးတင့်ဆွေ(ဘ)ဦးထွန်းကြိုင်(ကေအင်ယူ-၀၄၃၁၂၅)မှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားရှိခဲ့ပြီး နိုတြီအထွေထွေကိုယ်စားလှယ်လွှဲစာရယူကာ လက်ရှိအသုံးပြုနေထိုင်လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏ ခင်ပွန်းဖြစ်သူ ဦးတင့်ဆွေမှာ (၂၇-၅-၂၀၂၃)ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ကျွန်ုပ်တို့၏မိတ်ဆွေမှ အမွေဆက်ခံ လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်နေသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အား ဂရန်သက်တမ်းတိုးကိစ္စများဆောင်ရွက်ရန်အတွက် မူလဂရန် အမည်ပေါက်သူ ဦးလှရွှေအား ကျွန်ုပ်တို့မိတ်ဆွေ၏ သားမက်ဖြစ်သူ ဦးတင်ကိုထက်(ဘ)ဦးတင်မောင်ဦး(၉/ခအဇ(နိုင်)၀၀၂၆၉၅)ထံသို့ မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် -၅၅၆၄/၂၀၂၄ အား လွှဲအပ်စေခဲ့ပြီး ဂရန်သက်တမ်းတိုးကိစ္စများကို ဆောင်ရွက်စေခဲ့ပါသည်။ ကျွန်ုပ်တို့မိတ်ဆွေ၏ သားမက်ဖြစ်သူ ဦးတင်ကိုထက်မှာ အထက်ပါ ဂရန်မြေကွက်၏ ဂရန်နှင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား အခြားသူထံသို့ ပေါင်နှံထားကြောင်း ကြားသိခဲ့ရပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဝင်မည်မဟုတ်ဘဲ ပြုလုပ်သူများ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးစိုင်းထွန်းအောင် (LL.B) | ဦးလင်းလင်းကျော် (LL.B) | ဦးစောလှဖြူ (LL.B) |
|---|---|---|

**တရားလွှတ်တော်ရှေ့နေများ**

**၂၃လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၇၉၂၁၈၃၅၃၅၊ ၀၉-၉၆၁၇၇၂၂၅၆၊ ၀၉-၄၃၁၄၅၆၄၃**

# အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃၄)၊ ဦးပိုင်အမှတ်(၁၄၃)အတွင်းမှ အရှေ့ဘက်ခြမ်း ဧရိယာ(၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးမြင့်မောင်(ဘ)ဦးသာဒင်(MDYSW-၀၀၃၃၁၄၊ ၉/သပက(နိုင်)၀၅၉၅၅၀) အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သုန္ဒရီ(ဘ)ဦးရဲညွန့်ဝင်း(၉/ခမစ(နိုင်)၀၇၈၄၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၁)၊ ဦးပိုင်အမှတ်(၄၂)၊ မြေဧရိယာ(၀ ဒသမ ၀၅၅) အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်နန်းကြည်(ဘ)ဦးဘိုဌေး အမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (တောင်ဘက်ခြမ်း)၊ အရှေ့အနောက် ပေ (၆၀)၊ တောင်မြောက် (၁၅) ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မာလာစိုး(ဘ)ဦးမောင်သိန်း(၉/မနမ(နိုင်)၁၀၉၃၈၄)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B ) တရားလွှတ်တော်ရှေ့နေ**

| ဦးမြတ်စိုးဦး (LL.B ) | ဦးဝေဖြိုးအောင် (LL.B ) | ဒေါ်မှူးမှူးမြတ်သွယ် (LL.B ) | ဒေါ်ပွင့်ဖြူကျော် (LL.B) |
|---|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(TNS Law Firm & Legal Services)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၂၅၉၁၁၈၅၆၁ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀**

**အသက်သည် သွေး သွေးသည် သက် ။**

# အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၄၅/ရေကြည်အနောက်)၊ ဦးပိုင်အမှတ်(၇၈/၁)၊ ဧရိယာ(၂ ဒသမ ၀၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးကျော်မင်း(ဘ)ဦးနော်(၉/ပသက(နိုင်)၁၁၄၅၁၄) အမည်ပေါက် ပုံစံ(၇) ရရှိထားသော လယ်မြေကွက် ဖြစ်ပါသည်။ အဆိုပါ လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရန်ဖူးလှုံ(ဘ)ဦးရန်တယ်ဖု(၁၃/လရန(နိုင်)၀၀၂၄၀၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ လယ်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| B.A (Hist), H.G.P | LL.B | B.Sc . PGDL |

**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊**

**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၅၅)၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ(၀ ဒသမ ၀၆၂)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်ခင်သူဇာ(ဘ)ဦးတီတီ(၉/ကပတ(နိုင်)၀၁၁၁၇၂)ကိုင်ဆောင်သူအမည်ဖြင့် နှစ်(၃၀) ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ (မြောက်ဘက်ခြမ်း)၊ အရှေ့အနောက် (၄၅)၊ တောင်မြောက် ပေ(၃၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းဂရန်မြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်သော ဒေါ်သီသီစိုး(ဘ)ဦးတင်အုန်းဖေ(၉/မဟာမ(နိုင်)၀၀၃၃၈၆)ကိုင်ဆောင်သူနှင့် ဒေါ်စုဇင်မော်(ဘ)ဦးတင်အုန်းဖေ(၉/မဟာမ(နိုင်)၀၄၈၂၃၆)ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း၊ အထောက်အထား (မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသက်နိုင်စိုး (LL.B ) တရားလွှတ်တော်ရှေ့နေ**

| ဦးမြတ်စိုးဦး (LL.B ) | ဦးဝေဖြိုးအောင် (LL.B ) | ဒေါ်မှူးမှူးမြတ်သွယ် (LL.B ) | ဒေါ်ပွင့်ဖြူကျော် (LL.B) |
|---|---|---|---|
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**(TNS Law Firm & Legal Services)**

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ။**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

❖ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလိုပါက ရွေးကောက်ပွဲများ ကျင်းပချိန်တွင် ဆန္ဒမဲများပေးကြရန်လို . . .

❖ ထိုသို့ဆန္ဒမဲပေးရာတွင်လည်း ဒေသနှင့် နိုင်ငံအတွက် အမှန်တကယ် အကျိုးပြုနိုင်သည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆောင်ရွက်ကြရန်လို . . .

(နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် မကွေးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# KK Park အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ခုနစ်လုံး ထပ်မံဖြိုချဖျက်ဆီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၆၄ လုံးအား ချိပ်ပိတ်သိမ်းဆည်း

နေပြည်တော် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်း လိမ်လည်မှုများနှင့် အွန်လိုင်း လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆင်ရေးအဖွဲ့များဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်

စာမျက်နှာ ၁၅ သို့ ✪





KK Park နယ်မြေ အပိုင်း(၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် လူနေအဆောက်အအုံလေးထပ်တိုက်ကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

# ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲတွင် မြန်မာအသင်းက အိုမန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု (ဆ) တတိယပွဲစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီက ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ မြန်မာအသင်းနှင့် အိုမန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက အိုမန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အသင်းလိုက် စုဖွဲ့မှုအားကောင်းကောင်းဖြင့် တစ်ပွဲထက်တစ်ပွဲ ပိုကောင်းသည့်ခြေစွမ်းကို ပြသနိုင်ခဲ့သလို ကစားသမားများ၏ နိုင်လိုစိတ်ပြင်းပြမှုမှာလည်း အမြင့်ဆုံးရောက်ရှိခဲ့ခြင်းကြောင့် ယခုလို နိုင်ပွဲများ ဆက်တိုက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အိုမန်အသင်းအား အပြန်အလှန်ရင်ဆိုင်ကစားနိုင်ခဲ့ပြီး နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရယူခဲ့သည်။

မြန်မာအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၆၃မိနစ်တွင် အောင်သီဟ၊ ပွဲချိန် ၆၇ မိနစ်တွင် ညီညီသန့်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။



မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု (ဆ)တွင် အာဖဂန်နစ္စတန်၊ အိုမန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ် သုံးပွဲကစားအပြီးတွင် သုံးပွဲစလုံးရာနှုန်းပြည့် အနိုင်ရရှိကာ ရမှတ် ၉မှတ်အထိ ရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အုပ်စု(ဆ) နောက်ဆုံးပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၃၀ ရက်တွင် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီးရီးယား အသင်းနှင့်ပွဲစဉ်တွင် သရေကစားနိုင်ရုံဖြင့် ၂၀၂၆ အာရှ ယူ-၁၇ အမျိုးသားခြေစစ်ပွဲ အောင်မြင်နိုင်မည်ဖြစ်သည်။

(NGB)

ဝ-ဝ-ဝ-ဝ



# ခြေစမ်းပွဲစဉ်တွင် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို ၂-၁ ဂိုးနှင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်ယူနိုက်တက်အသင်းသည် လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည့် မြန်မာ့လက်ရွေးစင် ယူ-၂၂ အသင်းနှင့် ပဒေသာကွင်းတွင် ယနေ့ညနေက ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာ ယူ-၂၂ အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၄ ရက်မှ စတင်ကာလေ့ကျင့်ရေးအစီအစဉ်များပြန်လည်ပြုလုပ်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် လေးရက်အကြာတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ယူ-၂၂ အသင်းအတွက် အနိုင်ဂိုးများကို သန်းတိုးအောင်က သွင်းယူပေးခဲ့ပြီး ရန်ကုန်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို အီစိုးက သွင်းယူပေးခဲ့သည်။

နိုင်ကမ္ဘာ